# သမတအိမ်တော် ရန်ကုန်မြို့။
# ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ရုတ်တရက်အသုံးစရိတ် ရံပုံငွေ အက်ဥပဒေ။
**[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၁။]**

**၁၃၁၃ ခု၊ တော်သလင်းလဆန်း ၁၄ ရက်။**

**(၁၉၅၁ ခုနှစ်၊ စက်တဘ်ာလ ၁၄ ရက်။)**

**[ ပြင်ဆင်: 10.09.1952 ]**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖော်ပြပါအက်ဥပဒေကို ထုတ်ပြန်ကျေညာသည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ **၁၉၅၁ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ ရုတ်တရက်အသုံးစရိတ်ရံပုံငွေ အက်ဥပဒေ**ဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၅၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အာဏာတည်ရမည်။

၂။ ။ ရုတ်တရက်ပေါ်ပေါက်သည့်ကိစ္စများအတွက် ခေတ္တထုတ်သုံးငွေ သဘောမျိုးဖြင့်အသုံးပြုရန် ရံပုံငွေ တရပ်ထားရှိရမည်။ ထိုရံပုံငွေကို ပြည်ထောင်စုမြန်မာနိုင်ငံ၏ ရုတ်တရက် အသုံးစရိတ်ရံပုံငွေဟု ခေါ်ရမည်။ ထိုရံပုံငွေသို့ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အခွန်တော်ငွေများမှ ကျပ်သုံးကုဋေပေးသွင်းရမည်။

<ပြင်ဆင် 10.09.1952>

၃။ ။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ရုတ်တရက်အသုံးစရိတ်ရံပုံငွေကို၊ နိုင်ငံတော်သမတ၏ကိုယ်စား၊ ဘဏ္ဍာရေးနှင့်အခွန်တော်ဝန်ကြီးဌာနက ထိန်းသိမ်းထားရမည်။ ကြိုတင်မသိမမြင်နိုင်သော အသုံးစရိတ်များကိုပါလီမန်က ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းဆိုင်ရာ တရားဥပဒေဖြင့် ခွင့်မပြုသေးမီ၊ ထိုအသုံးစရိတ်များကိုကျခံရန်အဆိုပါ ရံပုံငွေမှ ငွေများကြိုတင်ထုတ်ပေးနိုင်သည်။ အခြားမည်သည့်ကိစ္စအတွက်မျှ ထိုရံပုံ ငွေမှ ငွေများ ထုတ်ပေး ခြင်းမပြုရ။

၄။ ။ ဤအက်ဥပဒေပါ ရည်ရွယ်ချက်များကို ဆောင်ရွက်ရန်အလို့ငှါ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ရုတ်တရက် အသုံးစရိတ် ရံပုံငွေကို ထိန်းသိမ်းခြင်း၊ ထိုရံပုံငွေသို့ ငွေများ ပေးသွင်းခြင်း၊ ထိုရံပုံငွေမှ ငွေများ ထုတ်ယူခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စအားလုံးအတွက်၊ သို့တည်းမဟုတ် ထိုကိစ္စများနှင့် ဆက်သွယ်၍ ဖြစ်ပေါ်လာသော ကိစ္စအားလုံးအတွက်၊ နိုင်ငံတော်သမတသည် နည်းဥပဒေများပြဋ္ဌာန်း နိုင်သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

စဝ်ရွှေသိုက်၊
နိုင်ငံတော်ယာယီသမတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၃ ခု၊ တော်သလင်းလဆန်း ၁၄ ရက်။

(၁၉၅၁ ခု၊ စက်တင်ဘာလ ၁၄ ရက်။)

အမိန့်အရ၊

ခင်မောင်ဖြူ၊

နိုင်ငံတော်သမတအတွင်းဝန်။

[အမှတ် ၇၀]